MaxxB
No.681, MyaKanThar (2) St,Kamayut Township, Yangon.
+959 45222 9636 info@maxxb.com.mm
www.maxxb.com.mm

**MaxxB Fiber Internet ဝန်ဆောင်မှု အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်များ**

MaxxB Fiber Internet အနေဖြင့် ဝန်ဆောင်မှုကို ကိုယ်ပိုင် Infrastructure များဖြင့် အကောင်းဆုံး အရည်အသွေးဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အစဉ်အမြဲ ကြိုးစား လျက်ရှိပြီး ဝန်ဆောင်မှုအတွက် တိုက်ရိုက်ခေါ်ဆိုမေးမြန်းနိုင်စေရန် MaxxB Fiber Internet Services Call **Center (၀၉- ၇၇ ၁၀၀၀ ၉၀၀) ကို (၂၄/၇) နာရီ ဆက်သွယ်နိုင်ပါသည်။**

MaxxB Fiber Internet ဝန်ဆောင်မှုကို ရယူမည့် အသုံးပြုသူများအနေဖြင့် MaxxB Fiber Internet မှ ဝန်ဆောင်မှုဆိုင်ရာ စည်းကမ်းချက်များကို ဖတ်ရှုပြီး ၄င်းစည်းကမ်းချက်များနှင့် အညီ MaxxB Fiber Internet ဝန်ဆောင်မှုကို ရယူသုံးစွဲရန် သဘောတူညီပါသည်။

**၁။ဝန်ဆောင်မှုဆိုင်ရာအရည်အသွေး**

| Internet | ONU Specification | On Call | Installation | Remark |
|---|---|---|---|---|
| Ultra Home Internet | 2.4 GHz (Single Band) | Within 60 Hr | Within 60 Hr | |
| Premium Business | 2.4 GHz (Single Band) | Within 36 Hr | Within 36 Hr | SLA Bill Credit ပေးပါသည်။ |

**၂။ဝန်ဆောင်မှုဆိုင်ရာ ငွေပေးချေခြင်း**

- **လစဉ်လဆန်းရက် (၁) ရက်နေ့တိုင်းတွင် ပေးဆောင်ရမည့်** လစဉ်ကြေး **Invoice** အား **Phone SMS** ဖြင့် ကြိုတင်အသိပေး အကြောင်းကြား ပေးမည် ဖြစ်ပါသည်။
- ဝန်ဆောင်မှု အသုံးပြုသူများအနေဖြင့် လစဉ်ကြေးပေးဆောင်မှုကို နီးစပ်ရာ MaxxB Showroom များသို့ လည်းကောင်း၊ MaxxB နှင့် တရားဝင်ချိတ်ဆက်ထားသော Online Banking-Pay (KBZ Quick pay, AYA, Wave),များဖြင့်လည်းကောင်း **တိုက်ရိုက်** ပေးသွင်းနိုင်ပါသည်။
- MaxxB Fiber Internet ဝန်ဆောင်မှုကို အသုံးပြုသူအနေဖြင့် **လစဉ်ကြေးအား လစဉ်လဆန်း (၅) ရက်နေ့မတိုင်ခင် ငွေပေးသွင်းရန် နှင့်** ဝန်ဆောင်ခကို သက်တမ်း မကုန်ဆုံးမှီ ရက်အတွင်း ပေးချေခြင်းမရှိခဲ့ပါက အင်တာနက် ယာယီလိုင်းပြတ်တောက်မှုများ ဖြစ်နိုင်ပြီး ငွေအကျေ ပေးသွင်းပြီးမှသာ အင်တာနက်လိုင်းမှာ ပြန်လည်ရရှိနိုင်မည်ဖြစ်ပါသည်။

**၃။ဝန်ဆောင်မှုရယူခြင်းဆိုင်ရာ အခြားအထွေထွေ သဘောတူညီချက်များ**

- ❖ နေရာပြောင်းရွှေ့မှုကို MaxxB Fiber Internet ဝန်ဆောင်မှုရရှိသည့် နေရာတိုင်းတွင် (၄၀,၀၀၀) ကျပ်ငွေသွင်းပြီး ပြောင်းရွှေ့နိုင်ပါသည်။ လစဉ်ကြေး ၃လစာကြိုသွင်းခြင်း နှင့် ၆ လအထက် အသုံးပြုထားပါက **အခမဲ့ နေရာရွှေ့ပြောင်းပေးခြင်း** ဝန်ဆောင်မှု ရရှိမည် ဖြစ်ပါမည်။
- ❖ **Customer Plan Down-grade ပြုလုပ်ရန် လိုအပ်ပါက လက်ရှိ Internet plan (၂)လအသုံးပြုပြီးမှ** ပြောင်းလဲနိုင်ပါမည်။
- ❖ **ဝန်ဆောင်မှု ယာယီရပ်ဆိုင်းခြင်းအနေဖြင့် ၆လ**အတွင်း ၁ကြိမ်သာလျှင် ပိတ်ခွင့်ရရှိမည် ဖြစ်ပြီး **ပိတ်ခွင့်ရရှိမည့် ကာလမှာ အများဆုံး (၁လ) ရရှိမည်** ဖြစ်ပါသည်။
- ❖ **Customer သည် တပ်ဆင်ထားသည့် အင်တာနက်လိုင်းအား အနည်းဆုံး (၆လ) အသုံးပြုရပါမည်။** အကြောင်းအမျိုးမျိုးကြောင့် **(၆လ)** မပြည့်ခင် လိုင်းပိတ်သိမ်းပါက ကျန်ရှိသည့် လများအတွက် လစဉ်ကြေးများ ပေးချေရမည်ကို သိရှိပြီး ဖြစ်ပါသည်။
- ❖ အင်တာနက်သုံးစွဲရန်အတွက် တပ်ဆင်ထားသည့် **ONU & Power Adapter** များသည် **ငှားရမ်းထားခြင်းဖြစ်ပြီး၊** သုံးစွဲသူမှ လိုင်းအပြီးတိုင် ပိတ်သိမ်းပါက ကုမ္ပဏီမှ ပြန်လည် သိမ်းဆည်းသွားမည် ဖြစ်ပြီး၊ ပြန်လည်အပ်နှံခြင်း မရှိခဲ့ပါက **ONU & Power Adapter အားသတ်မှတ်ထားသည့် တန်ဘိုး (၆၀,၀၀၀ )** အား MaxxB Company သို့ ပြန်လည်ပေးဆောင်ရန် အတွက် လိုအပ်ပါသည်။
- ❖ ONU များကို Factory Fault ကြောင့် Error ပါရှိပါက ကုမ္ပဏီဘက်မှ အသစ်ပြန်လည် တပ်ဆင်ပေးမည် ဖြစ်ပြီး၊ သုံးစွဲသူကြောင့် Error (or) Damage ဖြစ်ပါက ONU အသစ်ပြောင်းလဲပေးခြင်းအတွက် **၆၀,၀၀၀** ကျပ် ပေးဆောင်မှသာလျှင် ပြန်လည်တပ်ဆင်ပေးမည် ဖြစ်ပါသည်။

**၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ တားမြစ်ထားသော အွန်လိုင်းလိမ်လည်မှုများကို ကျူးလွန်ရန်အတွက် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို အသုံးမပြုကြရန် အထူးအကြံပြုအပ်ပါသည်။**

**၅။ (၁) ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းများသည် MaxxB မှသော်လည်းကောင်း၊ ဝန်ဆောင်မှု အသုံးပြုသူမှသော်လည်းကောင်း ဝန်ဆောင်မှုကို တရားဝင် အပြီးအပိုင် ရပ်စဲ ခြင်း မပြုမခြင်း အတည် ဖြစ်နေမည် ဖြစ်သည်။ (၂) ဤအထက်ပါ အကြောင်းအရာများ အားလုံးတွင်ပါဝင်သည့် အချက်များအားလုံးကို အသုံးပြုသူများမှ ဖတ်ရှု သိရှိပြီး၊Digital စနစ်အရအလိုအလျောက် လက်မှတ်ထိုးပြီးသည်ကို မှတ်ယူကြောင်း သဘော တူပါ သည်။**